## တရုတ်နိုင်ငံရောက် မြန်မာနိုင်ငံ အစိုးရဝန်ထမ်း နိုင်ငံခြားပညာသင်များအား သုံးလပတ်အစီရင်ခံစာများ၊ ခွင့်လျှောက်ထားခြင်း၊ ပညာသင်ကာလတိုးမြှင့်မှု လျှောက်ထားခြင်းဆိုင်ရာ ပေးပို့ခြင်းနှင့်ပတ်သက်၍ မြန်မာသံရုံး၊ ပေကျင်းမြို့၏ ဆောင်ရွက်မှု လုပ်ငန်းစဉ်များ

၁။ တရုတ်နိုင်ငံတွင် ပညာသင်ကြားလျက်ရှိသော မြန်မာနိုင်ငံမှ လာရောက်သည့် အစိုးရဝန်ထမ်း နိုင်ငံခြားပညာသင်များသည် တရုတ်နိုင်ငံ၌ ရောက်ရှိနေထိုင်စဉ်ကာလအတွင်း မိမိတို့၏ ပညာသင်ကြားခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မြန်မာသံရုံး၊ ပေကျင်းမြို့မှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနများထံ ပေးပို့အကြောင်းကြားလျက်ရှိပါသည်။

၂။ ထိုသို့ ပေးပို့အကြောင်းကြားရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်-

- တရုတ်နိုင်ငံရှိ ပြည်နယ်အသီးသီးတွင် ရောက်ရှိပညာသင်ကြားနေကြသော မြန်မာနိုင်ငံ အစိုးရဝန်ထမ်း ပညာသင်များမှ ပေးပို့လာသည့် အစီရင်ခံစာများကို အနီးဆုံး သံတမန်ချောအိတ်ဖြင့် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ပြီး ထိုမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ဆက်လက်ပေးပို့ပေးလျက်ရှိပါသည်။ မြန်မာသံရုံး၊ ပေကျင်းမြို့မှ သံတမန်ချောအိတ်ကို အပတ်စဉ် ကြာသပတေးနေ့တိုင်း ပေးပို့လျက်ရှိပြီး သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ရောက်ရှိချိန်မှာ (၇)ရက်မှ (၁၀)ရက်အထိ ကြာမြင့်နိုင်ပါသည်။

- သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ပညာသင်များ၏ အစီရင်ခံစာများနှင့် ပတ်သက်သည့် ခွင့်ပြုချက်များကို အကြောင်းပြန်ကြားရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် မြန်မာသံရုံးသို့ ပေးပို့အကြောင်းကြားပါသည်။ မြန်မာသံရုံး အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပေးပို့လာသည့် ခွင့်ပြုချက်များ မြန်မာသံရုံးသို့ ရောက်ရှိချိန်မှသာ သက်ဆိုင်ရာ ပညာသင်များထံ သံရုံးအီးမေးလ်မှတစ်ဆင့် အကြောင်းပြန်ကြားသွားမည်ဖြစ်ပါသည်။ တရုတ်နိုင်ငံတွင် တက်ရောက်ပညာသင်ကြားနေကြသော ပညာသင်ဦးရေများပြားခြင်းကြောင့် လည်းကောင်း၊ ဝန်ကြီးဌာနပေါင်းစုံမှ လာရောက်ကြခြင်းကြောင့်လည်းကောင်း ပေးပို့သည့် အစီရင်ခံစာများနှင့်ပတ်သက်သည့် follow-up များကို မိမိတို့ဌာနအလိုက် ကိုယ်တိုင်ဆောင်ရွက်ကြရန် အကြောင်းကြားအပ်ပါသည်။

- သက်ဆိုင်ရာပညာသင်များအနေဖြင့် မြန်မာသံရုံးသို့ အစီရင်ခံစာများကို delivery များနှင့် ပေးပို့ရာတွင် မြန်မာသံရုံးမှ ပညာသင်များအတွက် သီးခြားအကြောင်းကြားစာတွင် ဖော်ပြထားသည့် သံရုံးလိပ်စာအတိုင်း ပေးပို့ပါက သံရုံးသို့

တိုက်ရိုက်ရောက်ရှိပါသည်။ အဆိုပါ အစီရင်ခံစာများ ပေးပို့မှုသည် နယ်မြေအနီး အဝေးအလိုက် (၂)ရက်မှ (၅)ရက်အထိ ကြာမြင့်နိုင်ပြီး အဆိုပါအစီရင်ခံစာပေးပို့မှု ရောက်ရှိမှုအခြေအနေကိုသိလိုပါက မိမိတို့ပေးပို့သည့် delivery များထံ မေးမြန်း စုံစမ်းပေးကြပါရန် အကြောင်းကြားအပ်ပါသည်။

- ပညာသင်များ၏ ပညာသင်သက်တမ်းတိုးလျှောက်ထားခြင်း၊ ခွင့်လျှောက်ထားခြင်းဆိုင်ရာ ကိစ္စရပ်များကို မြန်မာသံရုံးမှ အီးမေးလ်ဖြင့် ဆက်သွယ်ပေးပို့နိုင်ရေးအတွက် သက်ဆိုင်ရာအစီရင်ခံစာများ၏ အပေါ်စာတွင် မိမိတို့၏ အီးမေးလ်လိပ်စာ၊ ဖုန်းနံပါတ်များ ထည့်သွင်းဖော်ပြကြရန် လိုအပ်ပါသည်။ ထို့အပြင် အစီရင်ခံစာအပေါ်စာများတွင် မိမိတို့၏ ရာထူး၊ ဌာန၊ ဝန်ကြီးဌာနများ(ပညာရေးဝန်ကြီးဌာနမှ ဖြစ်ပါက တက္ကသိုလ်ကို ဖော်ပြပေးရန်) ကို ထည့်သွင်းဖော်ပြပေးကြရန် အကြောင်းကြားအပ်ပါသည်။

၃။ ပညာရေးနှင့်ပတ်သက်၍ ဆက်သွယ်မေးမြန်းလိုပါက မြန်မာသံရုံး၊ ပေကျင်းမြို့သို့ **တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် (၁၀၀၀)နာရီမှ (၁၂၀၀)နာရီအတွင်း** လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ အောက်ဖော်ပြပါ ဖုန်းနံပါတ်သို့ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အကြောင်းကြားအပ်ပါသည်-

ပညာရေးဌာန
၀၁၀-၆၅၃၂၀၆၅၃ (လိုင်းခွဲ-၂၅)

၄။ ထူးခြားသည့်ဖြစ်စဉ်နှင့် လိုအပ်ချက်အရ သံအမတ်ကြီးထံသို့ တိုက်ရိုက်ဆက်သွယ်တင်ပြလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်-

သံအမတ်ကြီးရုံးခန်း
၀၁၀-၆၅၃၂၀၃၂၇

*********************